ငနိုးစုးစမ်

ပခန်းဘက်မှ အလှူများတွင် ငါးခြောက်ထောင်းကြော်နှင့် ညှိခံတတ်ကြ၏။ အလှူမှာသားရှင်ပြု၍ ရဟန်းခံအလှူများ များပြားသည်။

တစ်နေ့တွင် ပခန်းသားတစ်ယောက်သည် ရွာနီးချင်းရွာတစ်ရွာ အလှူသို့ နောက်ကျမှ သွားမိရာ အလှူမှ ပြန်လာသူများကို လမ်းတွင် တွေ့သဖြင့် အလှူထမင်းဟင်း သတင်းကို စုံစမ်းသည်။

"ငါးခြောက်ထောင်းကြော်ကျွေးတယ်ဟေ့၊ ဟင်းချိုကတော့ ဆီမပါရင် လက်ဖက်ခြောက်ခပ် သောက်လို့ရတယ်" သရက်သီးချဉ် ...

"ကောင်းရဲ့လား"

"ကောင်းမကောင်းမေးမနေပါနဲ့တော်၊ ငါးခြောက်ထောင်းကြော်ငန်လိုက်ပုံများ ချင်းတွင်းမြစ်နဖူး မေးတင်ထားရတယ်၊ ကြော်တော့လဲ ရေတ်သီးပါ တစ်ခါတည်းရောကြော်ထားတော့ စပ်လိုက်ပုံများကလဲ မီးခဲနဲ့ အပက်ခံရသလားမှတ်၊ ထမင်းရဲ့ကအတွက်မှာ လူတိုင်းလေကလေးတချွန်ချွန်နဲ့"

"အိုးများတာလဲ ပြောပါဦးလေ၊ ရေတ်သီးနဲ့ ဆူးနဲ့ရောပြီး ကြော်ထားသလားမေးယူရလိမ့်မယ်"

အဖော်များကလည်း စုံစေ့စေရန် စေတနာဖြင့် ဖြည့်စွက်ပေးလိုက်ကြလေ၏။